

# မော်တော်ယာဉ်ခွန်/အပေါ့စားယာဉ်ခွန်

## မမေ့မလျော့ပေးဆောင်ကြပါစို့။

Hokkaido နှင့် Sapporo မြို့ဝဘ်ဆိုဒ်များမှ အချက်အလက်များအပေါ် အခြေခံထားသည်။

## မော်တော်ယာဉ်ခွန်

ဧပြီလ ၁ ရက်နေ့မှစတင်၍ မော်တော်ယာဉ် (အိတ်ဇော၆၆၀ စီစီနှင့်အထက်) ပိုင်ဆိုင်သူများသည် ကားအခွန်နှုန်းထားကို ပေးဆောင်ရမည်ဖြစ်သည်။ အခွန်ပမာဏကို အိတ်ဇော(စွန့်ထုတ်ဓာတ်ငွေ့ပမာဏ) စသည်တို့ဖြင့် ဆုံးဖြတ်ပါသည်။

**ငွေပေးချေရန်နောက်ဆုံးရက်မေလ ၃၁ ရက် ၂၀၂၄ (သောကြာ)**

* အခွန်ပေးဆောင်မှု အကြောင်းကြားစာကို မေလအစောပိုင်းတွင် ပေးပို့မည်ဖြစ်ပါသည်။

**ငွေပေးချေနည်း- အောက်ပါ ① မှ ④ ငွေပေးချေနည်းလမ်းများ ရှိပါသည်။**

### ① ငွေသားမဟုတ်သော(cashless) အခွန်ပေးဆောင်ခြင်း။

သင့်ကွန်ပျူတာ၊ စမတ်ဖုန်း သို့မဟုတ် တက်ဘလက်ကို အသုံးပြု၍အင်တာနက်မှ 1 ဒေသတွင်းအခွန်ပေးချေမှုဆိုက် သို့မဟုတ် 2 ဟော့ကိုင်းဒိုးမော်တော်ကားအခွန်ပေးဆောင်သည့်ဆိုက်မှ အခွန်ပေးဆောင်နိုင်ပါသည်။

1 2

### ② စမတ်ဖုန်းအက်ပ်

စမတ်ဖုန်း၊တက်ဘလက်မှငွေပေးချေမှုအက်ဖြင့်အခွန်ငွေဆောင်အကြောင်းကြားစာရှက်၌ရိုက်နှိပ်ထားသော ဘားကုဒ် သို့မဟုတ် QR ကုဒ်ကို စကင်န်ဖတ်၍ငွေပေးချေနိုင်ပါသည်။

### ③ ငွေသားဖြင့်ပေးချေမှု

အောက်ဖော်ပြပါ နေရာများတွင် မော်တော်ကားအခွန် နှုန်းကိုလည်း ပေးဆောင်နိုင်ပါသည်။
◆ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ဂျပန်စာတိုက်ဘဏ်၊ ဟော့ကိုင်းဒိုးအခွန်ရုံး စသည်တို့။ ◆ကုန်စုံဆိုင်များ

### ④ ဘဏ်ငွေလွှဲခြင်းဖြင့် အခွန်ပေးဆောင်ခြင်း*

* ယခုမှစတင်သူများအတွက် ၎င်းကို နောက်နှစ်မှ စတင်အသုံးပြုနိုင်ပါသည်။ ဆန္ဒရှိပါက သင့်ဧရိယာရှိ အထွေထွေပြန်လည်စည်ပင်ရေးဗျူရို၏ တောင်းဆိုမှုပုံစံမှ လျှောက်လွှာပုံစံကို တောင်းခံပါ။

| | | |
|---|---|---|
| **အတိုင်ပင်ခံ ကောင်တာ-** | အခွန်ကောက်ခံမှု၊ လျှော့ချ/ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ | 011−746−1190 |
| | လိပ်စာပြောင်းမှု၊ ဘဏ်ငွေလွှဲခြင်းနှင့် ပတ်သက်၍ | 011−746−1247 |



## အပေါ့စားယာဉ်ခွန်

ဧပြီလ ၁ ရက်နေ့မှစတင်၍ အပေါ့စားယာဉ်ပိုင်ဆိုင်သူများသည် အခွန်ကို ပေးဆောင်ရမည်ဖြစ်သည်။ အခွန်ပမာဏကို အိတ်ဇော(စွန့်ထုတ်ဓာတ်ငွေ့ပမာဏ) စသည်တို့ဖြင့် ဆုံးဖြတ်ပါသည်။



အပေါ့စားယာဉ်အခွန်ပေးဆောင်ရမည့်နည်းလမ်း၊ရက်အကန့်အသတ်နှင့်တိုင်ပင်ဆွေးနွေးကောင်တာစသည်တို့သည်မြို့နယ်ရပ်ကွက်၊ကျေးရွာအုပ်စုပေါ်မူတည်၍ ကွဲပြားသည်။ အသေးစိတ်အချက်အလက်များအတွက် သင့်ဒေသန္တရအစိုးရရုံးကို ဆက်သွယ်ပါ။

★အပေါ့စားယာဉ်များ-လျှပ်စစ်စက်ဘီး၊မော်တော်ဆိုင်ကယ်များ၊အပေါ့စားယာဉ်များ၊အထူးယာဉ်ငယ်များနှင့် နှစ်ဘီးတပ်ယာဉ်ငယ်များ

တိုင်ပင်ခံကောင်တာသို့ဖုန်းဆက်သောအခါ၌ဘာသာပြန်လိုအပ်ပါက hokkaido foreign resident support center သို့ဆက်သွယ်ပါ။

အသုံးပြုနိုင်သောဘာသာစကားများ- ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ စပိန်၊ အင်ဒိုနီးရှား၊ မြန်မာ စသဖြင့်

အထက်ပါဘာသာစကားမှလွဲသောအခြားဘာသာစကားဖြစ်ပါက တယ်လီဖုန်းဘာသာပြန်ခြင်းဝန်ဆောင်မှုကိုအသုံးပြုပါမည်။



အခွန်ဆောင်အကြောင်းကြားစာကိုနှစ်စဉ်ဧပြီလ၁ရက်နေ့၌ ယာဉ်စစ်ဆေးရေးလက်မှတ်တွင်ရေးမှတ်ထားသောလိပ်စာသို့ပို့ဆောင်ပါမည်။

သင့်လိပ်စာ သို့မဟုတ် အမည်ကို ပြောင်းလဲပါက သယ်ယူပို့ဆောင်ရေးဌာနခွဲရုံး၊ စသည်၌ ယာဉ်စစ်ဆေးရေးလက်မှတ်ပါ အချက်အလက်များကို ပြောင်းလဲရန်လိုအပ်သည်။

